**မြန်မာနိုင်ငံ။ ။ ရခိုင်ပြည်နယ်တွင် အရပ်သားများကို လက်နက်ပေးအပ်ကိုင်ဆောင်စေမည့် အစီအစဉ်ကို ဖျက်သိမ်းပေးရန်**

လူသားချင်းစာနာထောက်ထားသော အဖွဲ့အစည်းများ၊ သတင်းစာဆရာများ၊ လူ့အခွင့်အရေး စောင့်ကြည့်သူများကို ကန့်သတ်ချက်မရှိဘဲ သွားလာခွင့်ပေးရန်

(ရန်ကုန်၊ နိုဝင်ဘာ ၅၊ ၂၀၁၆)— မြန်မာအစိုးရအနေနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မွတ်စလင်အများစုနေထိုင်ရာ ဒေသတွင် မွတ်စလင်မဟုတ်သူ အရပ်သားများကို လက်နက်ပေးအပ်ကိုင်ဆောင်စေမည့် အစီအစဉ်ကို ဖျက်သိမ်းသင့်သည်ဟု Fortify Rights မှ ယနေ့ပြောကြားလိုက်သည်။

"အာဏာပိုင်များ၏ ဤဆုံးဖြတ်ချက်သည် အလွန်ဆင်ခြင်မှုကင်းမဲ့ပြီး အန္တရာယ်များသည်"ဟု Fortify Rights ၏ အမှုဆောင်အရာရှိချုပ် မက်သရူးစမစ်မှ ပြောကြားလိုက်သည်။ "အစိုးရအနေနှင့် လုံခြုံရေးတိုးမြှင့်လိုပါက လူမျိုးပေါင်းစုံနှင့် ဘာသာဝင်ပေါင်းစုံကို ကာကွယ်ရန်နှင့် အကူအညီပေးမည့် အဖွဲ့များကို ကန့်သတ်ချက်မရှိဘဲ လွတ်လပ်စွာ သွားလာခွင့် ချက်ချင်းပေးရန် အရေးတကြီး ဆောင်ရွက်သင့်သည်။"

ဗုဒ္ဓဘာသာဝင်အများစုနေထိုင်ရာ ရခိုင်ပြည်နယ်တွင် မွတ်စလင်အများစုနေထိုင်သည့် မတည်မငြိမ်ဖြစ်နေသော မောင်တောပြည်နယ်ရှိ ရခိုင်တိုင်းရင်းသားများနှင့် အခြားမွတ်စလင်မဟုတ်သူ အရပ်သားများကို စုဆောင်းကာ လက်နက်ပေးအပ်ကိုင်ဆောင်စေမည့် အစီအစဉ်ကို ယခုတစ်ပတ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ကြေညာခဲ့သည်။ မောင်တောပြည်နယ်သည် မကြာသေးမီက ရိုဟင်ဂျာလက်နက်ကိုင်များမှ ရဲများကိုတိုက်ခိုက်ခဲ့မှုများနှင့် နောက်ပိုင်းတွင် မြန်မာစစ်တပ်မှ နှိမ်နင်းခြင်းများ ဖြစ်ပွားရာနေရာဖြစ်သည်။

အသစ်ဖွဲ့မည့် "ဒေသဆိုင်ရာရဲတပ်ဖွဲ့"တွင် မြန်မာရဲတပ်ဖွဲ့၌ တာဝန်ထမ်းဆောင်ရန် ပညာရေး သို့မဟုတ် ကြံ့ခိုင်မှုဆိုင်ရာ လိုအပ်ချက်များ မပြည့်မီသည့် မွတ်စလင်မဟုတ်သည့်ဒေသခံများ ပါဝင်မည်ဖြစ်ပြီး ၎င်းတို့သည် မိမိတို့နေထိုင်ရာ ရွာများတွင် တာဝန်ထမ်းဆောင်ကြရမည်ဟု ရခိုင်ပြည်နယ်ရဲမှူးကြီး ဗိုလ်မှူးကြီးစိန်လွင်မှ Reuters သို့ ပြောကြားခဲ့သည်။

အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်းရှိ ရဲတပ်ဖွဲ့ဝင်အသစ် ၁၀၀ ကျော်သည် ရခိုင်ပြည်နယ်၏ မြို့တော်ဖြစ်သည့် စစ်တွေမြို့တွင် နိုဝင်ဘာလ ၇ ရက်နေ့မှ စတင်ကာ ၁၆ပတ်ကြာမြင့်မည့် "အရှိန်မြှင့်"လေ့ကျင့်ရေးအစီအစဉ် တက်ရောက်ရမည်ဟု သတင်းရရှိသည်။ ရဲတပ်ဖွဲ့အနေနှင့် အဖွဲ့ဝင်အသစ်များကို လက်နက်များနှင့် "အခြားကိရိယာများ"အပြင် အခကြေးငွေထောက်ပံ့ပေးရန် ရည်ရွယ်ထားသည်။

မြန်မာအစိုးရအနေနှင့် ထိုအစီအစဉ်ကို ချက်ချင်းဖျက်သိမ်းပေးရန် Fortify Rights မှတောင်းဆိုသည်။

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံသမ္မတ ဦးသိန်းစိန်မှ ၎င်းတစ်ဦးတည်းဆုံးဖြတ်ချက်ဖြင့် ရဲများ၊ စစ်တပ်၊ အကောက်ခွန်ဝန်ထမ်းများနှင့် လူဝင်မှုကြီးကြပ်ရေးဝန်ထမ်းများပါဝင်သည့် ရခိုင်ပြည်နယ်ရှိ အငြင်းပွားဖွယ်ရာ လုံခြုံရေးအင်အားစုဖြစ်သည့် 'နစက'ကို ဖျက်သိမ်းခဲ့သည်။ သမ္မတဟောင်း ဦးသိန်းစိန်၏ 'နစက'ကို ဖျက်သိမ်းခြင်းသည် ဗဟိုအစိုးရအနေနှင့် ရခိုင်ပြည်နယ်ရှိ လုံခြုံရေးအင်အားစုများ၏ ဆောင်ရွက်ချက်များနှင့်ပတ်သက်ပြီး ကြားဝင်ခွင့်အာဏာရှိကြောင်း ဖော်ပြနေသည်။ ဤအချက်သည် လက်ရှိအရပ်သားအစိုးရအနေနှင့် ယခုကဲ့သို့ အရေးကြီးသောအချိန်အခါတွင် မှတ်သားဖွယ်ဖြစ်သည်ဟု Fortify Rights မှ ပြောကြားလိုက်သည်။

အောက်တိုဘာလ ၉ ရက်၊၂၀၁၆ တွင် သံသယဖြစ်ဖွယ် ရိုဟင်ဂျာတိုင်းရင်းသား စစ်သွေးကြွများက နယ်စပ်လုံခြုံရေးဂိတ် သုံးခုကို တိုက်ခိုက်ခဲ့ရာ ရဲသား (၉) ဦးသေဆုံးပြီး (၅) ဦးဒဏ်ရာရရှိခဲ့သည်။

ထို့နောက်တွင် မြန်မာစစ်တပ်မှ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် "အမြစ်ပြတ်ချေမှုန်းရေးများ" ကို စတင်ခဲ့သည်။ အောက်တိုဘာ (၉) ရက် တိုက်ခိုက်မှုများဖြစ်သည့်အချိန်မှစ၍ မောင်တောမြို့နယ်သို့ လိုအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးပို့မှုကို အာဏာပိုင်များမှ ပိတ်ပင်တားဆီးခဲ့သည်။ ထို့ပြင် အာဏာပိုင်များအနေနှင့် မောင်တောမြို့နယ်တွင် ပုံမှန်ပြုလုပ်လေ့ရှိသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အစီအစဉ်များကို ဆိုင်းငံ့လိုက်သည့်အတွက် ပြင်းထန်သော အာဟာရချို့တဲ့မှုဒဏ်ခံစားနေရသည့် ကလေးများအပါအဝင် သောင်းချီသော ရိုဟင်ဂျာများသည် အစားအစာ၊ ကျန်းမာရေး၊ ပညာရေး နှင့် အာဟာရထောက်ပံ့မှု မရရှိကြတော့ပေ။

ရိုဟင်ဂျာ အမျိုးသားများ၊ အမျိုးသမီးများ၊ ကလေးများဦးရေစုစုပေါင်း ၁၅၀၀၀နှင့် ကယ်ဆယ်ရေးဝန်ထမ်းအများအပြားသည် မောင်တောမြို့နယ်တွင် အိုးအိမ်စွန့်ခွာနေကြရပြီး သီးခြားရပ်တည်နေရသည်။

သို့ရာတွင် ကုလသမဂ္ဂ သတင်းအရင်းအမြစ်များအရ အောက်တိုဘာ (၉) ရက် တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက်တွင် ခန့်မှန်းခြေ ရခိုင်တိုင်းရင်းသား (၃၀၀၀) သည် မောင်တောမြို့နယ်မှ ထွက်ပြေးခဲ့ကြပြီး ၎င်းတို့အနက် ထက်ဝက်ကျော်မှာ ယခုအခါ မိမိတို့အိမ်များသို့ ပြန်လည်ရောက်ရှိနေထိုင်နေကြပြီဖြစ်သည်။

မြန်မာ့တပ်မတော်စစ်သားများက အောက်တိုဘာလ (၁၀) ရက်နေ့တွင် မောင်တောမြို့နယ်၌ လက်နက်မဲ့ ရိုဟင်ဂျာ အမျိုးသားများကို တရားဥပဒေမဲ့စွာ သတ်ဖြတ်ခဲ့သည်ဟု မျက်မြင်သက်သေများ၏ တိုင်တန်းချက်များကို Fortify Rights မှ လက်ခံရရှိခဲ့သည်။ မြန်မာ့တပ်မတော်စစ်သားများနှင့် လုံခြုံရေးအင်အားစုများသည် အမျိုးသမီးများနှင့် မိန်းကလေးများကို အဓမ္မပြုကျင့်ခြင်း၊ လက်နက်မဲ့အရပ်သားများကို သတ်ဖြတ်ခြင်းနှင့် မတရားသဖြင့် ဖမ်းဆီးထောင်ချခြင်းများကို ပြုလုပ်ခဲ့သည်ဟု တိုင်တန်းချက်အများအပြားတွင် ဆက်လက်စွပ်စွဲထားသည်။ ရိုဟင်ဂျာမွတ်စလင်များနေထိုင်ရာရွာအချို့ဖျက်ဆီးခြင်းခံရသည်။

အောက်တိုဘာလ (၂၄) ရက်နေ့တွင် ကုလသမဂ္ဂ အထူးသတင်းထောက် (၅) ဦးမှ "ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပတ်သက်သော တိုင်ကြားချက်များ တိုးပွားလာမှုကို ဖြေရှင်းရန်" မြန်မာအစိုးရကို တွန်းအားပေးသည့် ပူးတွဲထုတ်ပြန်ချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံသမ္မတရုံးအနေနှင့် အလွဲသုံးစားပြုမှုများ သို့မဟုတ် ပြစ်မှုကျူးလွန်ခြင်းဆိုင်ရာ စွပ်စွဲချက်များအားလုံးကို အကြိမ်ကြိမ်ငြင်းဆိုခဲ့ပြီး ထိုစွပ်စွဲချက်များသည် အကြမ်းဖက်အဖွဲ့အစည်းများကို ပေးပို့သည့်သတင်းမှားဖြစ်သည်ဟု ပြောဆိုခဲ့သည်။ သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက "သောင်းကျန်းသူများပုန်းအောင်းနေသည့် အိမ်ခြေ (၈၀၀) ရှိသည့် ရွာကြီးအလယ်တွင် အဓမ္မကျင့်မှုကျူးလွန်ရန် ဖြစ်နိုင်ခြေမရှိပါ"ဟု ဆိုကာ အဓမ္မကျင့်မှုနှင့်ဆိုင်သည့် စွပ်စွဲချက်များကို ငြင်းပယ်ခဲ့သည်။

အာဏာပိုင်များက သတင်းစာဆရာများနှင့် လူ့အခွင့်အရေး စောင့်ကြည့်သူများကို ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသများသို့ သွားရောက်ခွင့် ပိတ်ပင်လိုက်သည့်အတွက် သတင်းရရှိနိုင်မှု လျော့နည်းသွားသည်။

အောက်တိုဘာ (၃၁) ရက်နေ့တွင် မြန်မာတိုင်းမ်မှ သတင်းစာဆရာ Fiona MacGregor ကို အောက်တိုဘာ (၂၇) ရက်နေ့ထုတ် သတင်းစာတွင် ပါဝင်သည့် ဖတ်ရှုသူများပြားသော ဆောင်းပါးတစ်ပုဒ် ရေးခဲ့သည့်အတွက် အလုပ်ထုတ်ခဲ့သည်။ ထိုဆောင်းပါးတွင် မောင်တောမြို့နယ်ရှိ ကျေးရွာတစ်ခု၌ အောက်တိုဘာ (၁၉) ရက်နေ့တွင် ဒါဇင်နှင့်ချီသော ရိုဟင်ဂျာအမျိုးသမီးများကို မြန်မာ့တပ်မတော်စစ်သားများက အဓမ္မပြုကျင့်ခဲ့သည်ဟု စွပ်စွဲထားသည်။

ရခိုင်ပြည်နယ်ရှိ အခြေအနေနှင့် ပတ်သက်ပြီး အစိုးရ၏ ပြောဆိုမှုများသည် ပိုမိုစိုးရိမ်ဖွယ်ဖြစ်လာသည်ဟု Fortify Rights မှ ပြောကြားလိုက်သည်။

အောက်တိုဘာ (၃၁) ရက်နေ့တွင် ရခိုင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဝင်းက "ဘင်္ဂါလီရွာအားလုံးသည် စစ်စခန်းများကဲ့သို့ပင်ဖြစ်သည်" ဟု ကြေညာခဲ့သည်။ နိုဝင်ဘာ (၁) ရက်နေ့တွင် နိုင်ငံတော်ပိုင်မီဒီယာက ရိုဟင်ဂျာကို "ဖယ်ရှားရန်လိုအပ်သည့် စူးဝင်နေသော ဆူး" အဖြစ် ရည်ညွှန်းခဲ့သည်ဟု ယူဆရပြီး၊ နိုဝင်ဘာ (၃) ရက်နေ့တွင် နိုင်ငံတော်ပိုင်မီဒီယာက နိုင်ငံတကာမီဒီယာသည် "အကြမ်းဖက်အဖွဲ့အစည်းများနှင့် လျှို့ဝှက်ပူးပေါင်းကာ" လူ့အခွင့်အရေးချိုးဖောက်မှုဆိုင်ရာ စွပ်စွဲချက်များကို "ရည်ရွယ်ချက်ရှိရှိ လုပ်ကြံပြောဆိုခဲ့သည်" ဟု စွပ်စွဲခဲ့သည်။

၂၀၁၂ ခုနှစ်တွင် ရခိုင်ပြည်နယ်ရှိ ဗုဒ္ဓဘာသာဝင်များနှင့် မွတ်စလင်များအကြား အကြမ်းဖက်မှုဖြစ်ပွားခဲ့ခြင်းကြောင့် ရခိုင်ပြည်နယ်၏ မြို့နယ် (၁၇) ခုတွင် (၁၃) ခု၌ ရိုဟင်ဂျာများနှင့် ကမန်မွတ်စလင်များကို ပစ်မှတ်ထားသော အစိုးရခွင့်ပြုသည့် တိုက်ခိုက်မှုများရှိခဲ့ကြောင်း ခိုင်မာစွာမှတ်တမ်းတင်ထားသည်။ ရိုဟင်ဂျာ (၁၄၀,၀၀၀) ကျော်နှင့် အခြားမွတ်စလင်များကို အကျဉ်းစခန်း (၄၀) ကျော်သို့ပို့ဆောင်ခဲ့ပြီး ထိုစခန်းများတွင် ယနေ့တိုင် ထိန်းသိမ်းထားသည်။ ထိုအချိန်မှစ၍ မြန်မာနိုင်ငံကို စွန့်ခွာထွက်ပြေးသော အခြားရိုဟင်ဂျာများ (၁၀၀,၀၀၀) ကျော် ရှိပြီဟု ယုံကြည်ရသည်။

၂၀၁၂ ခုနှစ်တွင် ရခိုင်အရပ်သားများနှင့် ဘုန်းကြီးများကလည်း ရခိုင်တိုင်းရင်းသားဒေသခံများကို အာဏာပိုင်များမှ လက်နက်ပေးအပ်ကိုင်ဆောင်ခွင့်ပြုရန် တောင်းဆိုခဲ့သည်။

ဥပဒေအသက်သွင်းရေးအရာရှိများအတွက် ကုလသမဂ္ဂ၏ စည်းကမ်းသတ်မှတ်ချက်များနှင့် ဥပဒေအသက်သွင်းရေး အရာရှိများ၏ အင်အားနှင့် သေနတ်အသုံးပြုမှုဆိုင်ရာ ကုလသမဂ္ဂ၏ အခြေခံ စည်းမျဉ်းများအရ နိုင်ငံတကာဥပဒေတွင် နိုင်ငံတော်မှခွင့်ပြုထားသည့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသူများသည် အရည်အချင်းပြည့်မီပြီး ကောင်းမွန်စွာ လေ့ကျင့်ပေးမှုခံယူကာ လူ့အခွင့်အရေးဆိုင်ရာ စည်းမျဉ်းများကို လိုက်နာရမည်ဟု ဖွင့်ဆိုထားသည်။

ဤစည်းမျဉ်းများအရ ဥပဒေအသက်သွင်းရေးအရာရှိများအဖြစ် တာဝန်ထမ်းဆောင်နေသူများအကြောင်း စုံစမ်းကာ "၎င်းတို့ တာဝန်များကို ထိရောက်စွာ ထမ်းဆောင်နိုင်ရန် ကျင့်ဝတ်ပိုင်းဆိုင်ရာ၊ စိတ်ဓာတ်ပိုင်းဆိုင်ရာ၊ ကြံ့ခိုင်မှုပိုင်းဆိုင်ရာ သင့်လျော်သော အရည်အသွေးများရှိရေး" သေချာစေရန်နှင့် အထူးပြုလေ့ကျင့်ပေးမှု ခံယူပြီးမှသာ သေနတ်ကိုင်ဆောင်ခွင့်ပြုသင့်သည်။ မဖြစ်မနေလိုအပ်သည့်အခြေအနေတွင်သာ အင်အားသုံးသင့်သည်။ ထိုစည်းမျဉ်းများအရ "ပြည်တွင်း နိုင်ငံရေးမတည်ငြိမ်မှု သို့မဟုတ် အများပြည်သူနှင့် သက်ဆိုင်သည့် အခြားမည်သည့် အရေးပေါ်အခြေအနေကိုမဆို ဤအခြေခံစည်းမျဉ်းများမှ သွေဖယ်ရန် အကြောင်းပြချက်အဖြစ် အသုံးပြုခွင့်မရှိပေ။"

"လူမျိုးရေးအရအမုန်းပွားနေသည့် ဤအခြေအနေတွင် အရပ်သားများကို လူမျိုးနှင့် ဘာသာအပေါ်အခြေခံကာ လက်နက်ပေးအပ်ကိုင်ဆောင်စေခြင်းသည် လုံးဝတာဝန်မဲ့ရာကျပြီး အန္တရာယ်ရှိနိုင်သည်"ဟု မက်သရူးစမစ်မှ ပြောကြားလိုက်သည်။ "အစိုးရအနေနှင့် ဤအစီအစဉ်ကို ရပ်တန့်ပြီး အကူအညီပေးမည့် အဖွဲ့အစည်းများကို လိုအပ်သူအားလုံးထံ ကန့်သတ်ချက်မရှိဘဲ လွတ်လပ်စွာသွားလာခွင့် ချက်ချင်းပေးလိမ့်မည်ဟု ကျွန်ုပ်တို့မှ ရာနှုန်းပြည့် မျှော်လင့်ပါသည်။ အကြမ်းဖက်အစွန်းရောက်မှုကို ကာကွယ်ရန် အကောင်းဆုံးနည်းလမ်းသည် လူ့အခွင့်အရေးများကို မြှင့်တင်ကာကွယ်ရန်ဖြစ်ပြီး၊ အလွဲသုံးစားပြုမှုများ ကျူးလွန်နိုင်စေရန် ပြည်သူအား လက်နက်ကိရိယာထောက်ပံ့ပေးခြင်း မဟုတ်ပါ။"

**နောက်ခံအကြောင်းအရာများ**

ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် နိုင်ငံမဲ့ရိုဟင်ဂျာ တစ်သန်းကျော်ရှိသည်။

ဖွန်လတွင် လူ့အခွင့်အရေးဆိုင်ရာကုလသမဂ္ဂသံအမတ်ကြီးမှ လူ့အခွင့်အရေးကောင်စီသို့ အစီရင်ခံရာတွင် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများအပေါ် "ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုပုံစံတခုရှိနေပြီး ၎င်းပုံစံအရ "ရိုဟင်ဂျာများအပေါ်

ကျယ်ပြန့်သော သို့မဟုတ် စနစ်ကျသော တိုက်ခိုက်မှု ရှိနိုင်ပြီး ထိုမှတစ်ဆင့် လူသားမျိုးနွယ်အပေါ် ရာဇဝတ်မှု ကျူးလွန်ခြင်းများ ရှိလာနိုင်သည်”ဟု ဖော်ပြခဲ့သည်။

၂၀၁၄ ဖေဖော်ဝါရီတွင် Fortify Rights မှ ၇၉ မျက်နှာရှိသော “ညှင်းပန်းနှိပ်စက်မှုဆိုင်ရာ မူဝါဒများ”ဟု အမည်ရသည့် အစီရင်ခံစာကို ထုတ်ဝေခဲ့သည်။  ထိုအစီရင်ခံစာတွင် တန်းတူဆက်ဆံမှု၊ လွတ်လပ်စွာသွားလာခွင့်၊ အိမ်ထောင်ပြုခြင်း၊ မိသားစု၊ ကျန်းမာရေး နှင့် သီးခြားနေလိုမှုဆိုင်ရာ အခွင့်အရေးများကို ချိုးဖောက်သည့် အစိုးရမှရိုဟင်ဂျာများအပေါ် ချမှတ်ထားသည့် ကန့်သတ်ချက်များအကြောင်းပါဝင်သည်။

၂၀၁၅ အောက်တိုဘာတွင် ယေး ဥပဒေကျောင်းရှိ အလာကေ လိုဝမ်စတိန်း နိုင်ငံတကာလူ့အခွင့်အရေးရုံးမှ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာလူမျိုးများသည် လူမျိုးတုံးသတ်ဖြတ်မှု ရာဇဝတ်မှု ကျူးလွန်ခြင်းခံနေရကြောင်း “ခိုင်လုံသည့်သက်သေ” ရှာဖွေတွေ့ရှိခဲ့သည်။

ထပ်မံသိလိုသည်များရှိပါက အောက်ပါတာဝန်ရှိသူများကို ဆက်သွယ်နိုင်ပါသည်။

Amy Smith, Executive Director, +66 (0) 87.795.5454 (Thailand)
amy.smith@fortifyrights.org; Twitter: @AmyAlexSmith, @fortifyrights

Matthew Smith, Chief Executive Officer, +1.202.503.8032 (USA)
matthew.smith@fortifyrights.org; Twitter: @matthewfsmith, @fortifyrights